

MAX MYANMAR GROUP

# Covid-19 နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ

Internal Distribution

# မာတိကာ

၁။ ရည်ရွယ်ချက်

၂။ ရောဂါလက္ခဏာတွေ့ရှိ (သို့) သံသယရှိပါက ဆောင်ရွက်ရန်

၃။ သံသယလူနာနှင့်တကွ ထိတွေ့ခဲ့သူ (Primary Contact Person) များနှင့် ပတ်သက်၍ ဆောင်ရွက်ရန်

၄။ Covid-19 Positive လူနာအဖြစ် အဖြေထွက်ပါက ဆောင်ရွက်ရန်

၅။ ထောက်ပံ့ကူညီမှုများ

# ရည်ရွယ်ချက်

MAX MYANMAR GROUP

- ဝန်ထမ်း  (သို့) ဝန်ထမ်းမိသားစုဝင်များ (သို့) ၎င်းတို့နှင့် ထိတွေ့ခဲ့သူများ Covid-19 သံသယလူနာအဖြစ် တွေ့ရှိရပါက ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို သိရှိနားလည်စေရန် ဖြစ်သည်။
- ဝန်ထမ်းများ အားလုံးသည် မိမိတို့ သိရှိထားသော Covid-19 သံသယလူနာနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ ဆက်နွယ်မှုများ အားလုံးကို မချွင်းမချန် အုပ်ချုပ်မှု တာဝန်ခံများထံသို့ တင်ပြသွားရန် တာဝန်ရှိသည့်အပြင် ၎င်းတို့ သတင်းပို့ရမည့် လုပ်ငန်းစဉ်များကို ကောင်းစွာ သိရှိနားလည် ကြစေရန် ဖြစ်သည်။
- မဖြစ်မနေ ရင်ဆိုင်ရသော Positive လူနာများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အုပ်ချုပ်မှု တာဝန်ခံများက ရုံးလုပ်ငန်းများ၊ ဝန်ထမ်းများအပေါ်တွင် သက်ရောက်မှု အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ရန် ဖြစ်သည်။

# ၁။ ရောဂါလက္ခဏာတွေ့ရှိ (သို့) သံသယရှိပါက ဆောင်ရွက်ရန်

MAX MYANMAR GROUP

- ဝန်ထမ်းတစ်ဦးသည် မိမိကိုယ်တိုင်  (သို့) မိသားစုဝင် (သို့) မိမိနှင့် ထိတွေ့ခဲ့သူတစ်ဦးဦးတွင် Covid-19 ကူးစက်ခံရသည့် လက္ခဏာတွေ့ရှိပါက မိမိ၏ အထက်အရာရှိနှင့် HR မန်နေဂျာတို့ထံ အမြန်ဆုံး သတင်းပို့ရန် တာဝန်ရှိပါသည်။ (ရောဂါလက္ခဏာများကို နောက်ဆက်တွဲ (၁)အနေဖြင့် ဖော်ပြထားပါသည်။)
- သက်ဆိုင်ရာ အထက်အရာရှိနှင့် HR မန်နေဂျာတို့သည် Holding Task Force ထံသို့ အချိန်မဆိုင်းဘဲ ချက်ချင်း အကြောင်းကြားရန် တာဝန်ရှိပါသည်။ (Holding မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်စာကို နောက်ဆက်တွဲ (၂)အနေဖြင့် ဖော်ပြထားပါသည်။)
- သက်ဆိုင်ရာ ကုမ္ပဏီခွဲ (သို့) ဌာနခွဲ အုပ်ချုပ်မှု တာဝန်ခံတို့သည် အဆိုပါ သံသယလူနာနှင့် ထိတွေ့မိသူများကို လုပ်ငန်းခွင်မှ ချက်ချင်းဖယ်ရှား၍ သီးခြားတစ်နေရာတွင် နေရာချထားရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ဖြစ်စဉ် အသေးစိတ်ကို မှတ်တမ်းရယူခြင်း၊ အဆိုပါ ဝန်ထမ်းများနှင့် တိုက်ရိုက်ထိတွေ့မှုမရှိစေဘဲ (ဖုန်းဖြင့်) တစ်ပတ်အတွင်း ထိတွေ့ခဲ့မှု စာရင်းများကို စနစ်တကျ မှတ်တမ်းများ ရယူရမည်။
- သံသယလူနာကို သက်ဆိုင်ရာ မြို့နယ်ရှိ Fever Clinic သို့ အခြားလူများနှင့် ထိတွေ့မှု မရှိစေဘဲ စနစ်တကျ စေလွှတ်ရမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ လမ်းညွှန်မှုများအတိုင်း ဆက်လက် ဆောင်ရွက်သွားရမည်။
- တစ်ချိန်တည်းတွင် သံသယလူနာ (သို့) ထိတွေ့မိသူများ အားလုံးကို အခြားသူများနှင့် ထိတွေ့မှု မရှိစေဘဲ ၎င်းတို့ နေထိုင်ရာ အဆောင် (သို့) နေအိမ်သို့ ပြန်စေ၍ သီးခြား နေထိုင်စေရန် ညွှန်ကြားရမည်။
- သံသယလူနာ (သို့) ထိတွေ့မိသူများ လုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်ကို အခြား ဝန်ထမ်းများ ဝင်ရောက်လုပ်ကိုင်စေခြင်း မပြုဘဲ ပိုးသတ်ဆေးဖြန်းခြင်း၊ ထိတွေ့ထားသော နေရာမှန်သမျှ စနစ်တကျ ပိုးသတ်ခြင်းများကို ဦးစွာ မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်သည်။

# ၂။ သံသယလူနာ (သို့) ထိတွေ့မိသူများ၊ Primary Contact Person များနှင့်ပတ်သက်၍ ဆောင်ရွက်ရန်

MAX MYANMAR GROUP

- နောက်ဆက်တွဲ (၁)တွင် ဖော်ပြပါရှိသော ရောဂါ လက္ခဏာများကို ခံစားတွေ့ရှိရပါက အထက်ပါ လမ်းညွှန်ချက်များအတိုင်း အဆင့်ဆင့် သတင်းပေးပို့ ဆောင်ရွက်ရန်ဖြစ်ပြီး အဆိုပါ ဝန်ထမ်းကို (Self Quarantine) အဖြစ်ထားရှိကာ သီးခြားနေထိုင်စေရမည် ဖြစ်သည်။ (MOHS မှ ထုတ်ပြန်ထားသော နေထိုင်ရမည့် Guideline များကို နောက်ဆုံးတွဲ (၃)အဖြစ် ဖော်ပြထားပါသည်။)
- အဆောင် (သို့) နေအိမ်တွင် အခြားသူများနှင့် လုံးဝ ထိတွေ့ဆက်ဆံခြင်း မပြုဘဲ နေထိုင်စေရမည်ဖြစ်သည်။
- အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း သံသယလူနာကို သက်ဆိုင်ရာ မြို့နယ်ရှိ Fever Clinic သို့ အခြားလူများနှင့် ထိတွေ့မှု မရှိစေဘဲ စနစ်တကျ စေလွှတ်ရမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ လမ်းညွှန်မှုများအတိုင်း ဆက်လက် ဆောင်ရွက်သွားရမည်။
- ထိတွေ့ခဲ့သော ဝန်ထမ်းများ အားလုံးကို (၁၄)တိတိ သတ်မှတ်ထားသော နေရာတွင်သာ သီးခြားနေထိုင်စေရမည်ဖြစ်ပြီး သံသယလူနာ၏ ဆေးစစ်ချက် (Swab Test) ရလဒ်ပေါ်မူတည်၍ Holding Task Force ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်သည်။
- သီးခြားနေထိုင်စဉ် ကာလအတွင်း သံသယလူနာနှင့် ထိတွေ့ခဲ့သူများ အားလုံးကို တစ်နေ့လျှင် အနည်းဆုံး (၄)ကြိမ် အပူချိန်တိုင်းစေ၍ အခြေအနေအရပ်ရပ်နှင့် ထူးခြားဖြစ်စဉ် အားလုံးကို သက်ဆိုင်ရာဌာန Taskforce တာဝန်ခံ (သို့) မိမိအထက်အရာရှိ (သို့) HR Manager တို့မှတစ်ဆင့် အချိန်နှင့် တပြေးညီ သတင်းပေးပို့ရမည်။
- သက်ဆိုင်ရာဌာန Taskforce တာဝန်ခံ (သို့) မိမိအထက်အရာရှိ (သို့) HR Manager အနေဖြင့် မိမိတို့ ကိုင်တွယ်ထားရသော ဝန်ထမ်းများ၏ အခြေအနေအရပ်ရပ်နှင့် ထူးခြားဖြစ်စဉ်များကို Holding Task Force ထံသို့ အချိန်နှင့် တပြေးညီ ဆက်လက် တင်ပြရမည်ဖြစ်သည်။

# ၃။ Covid-19 Positive လူနာအဖြစ် အတည်ပြုတွေ့ရှိပါက ဆောင်ရွက်ရန်

MAX MYANMAR GROUP

- ဆေးစစ်ချက်ရလဒ် အဖြေကို စောနိုင်သမျှ စောလျင်စွာ သိရှိနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး Swab Test အဖြေရရှိပါက အချိန်မဆိုင်းဘဲ Holding Task Force သို့ သတင်းပို့ရမည်ဖြစ်သည်။
- Positive လူနာအဖြစ် အတည်ပြုပါက သက်ဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အစီအစဉ်များ၊ လမ်းညွှန်မှုများအတိုင်း ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပြီး ဖြစ်စဉ်တစ်ခုချင်းစီကို အချိန်နှင့် တပြေးညီ Holding Task Force ထံသို့ တင်ပြနေရမည်ဖြစ်သည်။
- Positive လူနာနှင့် ထိတွေ့ထားသော ဝန်ထမ်းများအားလုံးကို အသိပေး၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူနိုင်စေရန်အတွက် စီမံဆောင်ရွက်ပေးရမည်ဖြစ်သည်။

# ၄။ ခွင့်သတ်မှတ်ပေးခြင်းနှင့် ထောက်ပံ့ကူညီခြင်း

MAX MYANMAR GROUP

- Covid-19 နှင့်ပတ်သက်၍ ဆေးရုံတက်ရောက်ကုသမှု ခံယူရခြင်း၊ Quarantine ဝင်ရခြင်းများ ရှိပါက အဆိုပါ ဝန်ထမ်းများအားလုံးကို Special Leave ခံစားခွင့်ပြုပေးရမည် ဖြစ်သည်။
- Covid-19 Positive လူနာနှင့် Quarantine ဝင်နေရသူများကို အောက်ပါအတိုင်း ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။

| Home/Facility Quatrain ဝင်သူများထောက်ပံ့မှု | | Covid လူနာအတွက် ထောက်ပံ့ကူညီမှု | |
|---|---|---|---|
| ၁။ ဆန် (H only) | ၈ ပြည် | ၁။ ငွေကျပ် | ၃ သိန်း |
| ၂။ ဆီ (H only ) | ၅၀ ကျပ်သား | ၂။ အသင့်စား ကြက်သားဟင်း | ၁၀ ဘူး |
| ၃။ အသင့်စားခေါက်ဆွဲထုပ် | ၁၀ထုပ် (H) ၂၀ထုပ် (F) | ၃။ အသင့်စား ဟင်း အခြား | ၅ ဘူး |
| ၄။ အသင့်စားငါးသေတ္တာ | ၅ဘူး (H) ၁၀ ဘူး (F) | ၄။ ကော်ဖီမစ် ထုပ် အကြီး | ၁ ထုပ် |
| ၅။ အသင့်စား ကြက်သားဟင်း | ၅ဘူး (H) ၁၀ ဘူး (F) | ၅။ ၄က်သိုက် | ၁ ကဒ် (၆လုံး) |
| ၆။ ကြက်ဥ | ၁၀လုံး | | |
| ၇။ ပါရာစီတမော (500 mg ) | ၃ ကဒ် | | |
| ၈။ Cevit (500mg or 1000 mg) | ၁ဘူး | | |
| ၉။ ကော်ဖီမစ် အထုပ်ကြီး | ၁ ထုပ် | | |

**လိုအပ်ချက်အပေါ်မူတည်၍ Task Force မှထောက်ပံ့ကူညီပေးပါမည်။ H = Home Quarantine , F = Facility Quarantine**

# ၅။ သက်ဆိုင်ရာ Task Force မှ ဆောင်ရွက်ရမည့် တာဝန်များ

MAX MYANMAR GROUP

- ထိတွေ့မှုများကို စနစ်တကျ စာရင်းကောက်ယူခြင်းနှင့် သက်ဆိုင်ရာ အုပ်ချုပ်မှု တာဝန်ခံနှင့် Holding Task Force ထံသို့ အချိန်နှင့် တပြေးညီသတင်းပေးပို့ခြင်း။
- ထိတွေ့ထားသော လုပ်ငန်းခွင်ကို ပိုးသတ်ဆေးဖြန်းခြင်း၊ ပိုးသတ်ခြင်း။
- ရောဂါလက္ခဏာခံစားရသူများ၊ ထိတွေ့မှုရှိသူများ အားလုံး လုပ်ငန်းတာဝန် မထမ်းဆောင်နိုင်သော ရက်များအား Special Leave အဖြစ် သတ်မှတ်ပေးခြင်း။
- တာဝန်များ ခွဲဝေသတ်မှတ်ပေးခြင်း။
- သံသယလူနာနှင့် ထိတွေ့ထားသူများ၏ အခြေအနေအရပ်ရပ်နှင့် ထူးခြားဖြစ်စဉ်များကို အချိန်နှင့် တပြေးညီ သတင်းရယူခြင်း၊ တင်ပြခြင်း။
- သတ်မှတ်ချက်များနှင့်အညီ ထောက်ပံ့ကူညီပေးခြင်း။

# Flowchart for Covid-19 Prevention Guideline

MAX MYANMAR GROUP

မိမိ (သို့) မိသားစုဝင်ထဲမှ
- ဖျားခြင်း
- ချောင်းဆိုးခြင်း
- အသက်ရှူကြပ်ခြင်း
- အားအင်ကုန်ခမ်းခြင်း

ရောဂါလက္ခဏာများ ခံစားရပါက

အကြောင်းကြားရန်

သက်ဆိုင်ရာ အထက်အရာရှိ/ HR

ဌာန Covid Task Force

Holding Task Force

- ဖြစ်စဉ်အား အသေးစိတ် ရယူထားရန်။
- တစ်ပတ်အတွင်းထိတွေ့သူ စာရင်း ကောက်ယူရန်။

သံသယလူနာနှင့် ထိတွေ့မိသူများကို
- လုပ်ငန်းခွင်မှ ချက်ချင်းဖယ်ရှား၍ သီးခြားတစ်နေရာတွင် နေရာချထားရန်။
- အခြားသူများနှင့် ထိတွေ့မှု မရှိစေဘဲ ၎င်းတို့ နေထိုင်ရာ အဆောင် (သို့) နေအိမ်သို့ ပြန်စေ၍ သီးခြား နေထိုင်စေရန်။

လုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်ကို အခြား ဝန်ထမ်းများ ဝင်ရောက်လုပ်ကိုင်စေခြင်းမပြုဘဲ ပိုးသတ်ဆေး ဖြန်းခြင်း၊ ထိတွေ့ထားသော နေရာမှန်သမျှ စနစ်တကျ ပိုးသတ်ခြင်းများ ဆောင်ရွက်ရန်။

တစ်နေ့လျှင် အနည်းဆုံး (၄)ကြိမ် အပူချိန်တိုင်းစေ၍ အခြေအနေအရပ်ရပ်နှင့် ထူးခြားဖြစ်စဉ်များကို အကြောင်းကြားရန်။

သက်ဆိုင်ရာ မြို့နယ်ရှိ Fever Clinic

ထိတွေ့မှု မရှိစေဘဲ စနစ်တကျ စေလွှတ်ရန်

သံသယလူနာ

ထိတွေ့မိသူများ

(၁၄)ရက်တိတိ သတ်မှတ်ထားသော နေရာတွင်သာ သီးခြားနေထိုင်စေရန်။

Swab Test

ဆေးစစ်ချက် (Swab Test) ရလဒ်ပေါ်မူတည်၍ Holding Task Force ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ရန်။

Hospital/Facility Quarantine

Home/ Facility Quarantine

MOHS လမ်းညွှန်မှုများအတိုင်း ဆက်လက်ဆောင်ရွက်သွားရန်။

Covid-19 နှင့်ပတ်သက်၍ ဆေးရုံတက်ရောက်ကုသမှု ခံယူရခြင်း၊ Quarantine ဝင်ရခြင်းများ ရှိပါက အဆိုပါ ဝန်ထမ်းများအားလုံးကို Special Leave ခံစားခွင့်ပြုပေးရမည် ဖြစ်သည်။




# TOGETHER WE FIGHT

#Coronavirus

ONE MAX TEAM